# ၁၉၅၅ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။*

**[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄။]**
**(၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)**

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၅ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၄ ၏ ခြွင်းချက်အစား၊ အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

> "<u>ခြွင်းချက်</u> ။ ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ——
> (က) လယ်ယာမြေကို၊ ဤအက်ဥပဒေအရ ပြန်လည်သိမ်းယူခြင်းမပြုမီ၊ သို့တည်း မဟုတ် ကင်းလွတ်ခွင့်မပေးမီ၊ ပြန်လည်ရွေးနှုတ်ခြင်းနှင့် မသက်ဆိုင်စေရ။
> (ခ) လယ်ယာမြေကို၊ နိုင်ငံတော်သို့ လွှဲပြောင်းပေးခြင်းနှင့်မသက်ဆိုင်စေရ။"

၃။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) နောက်တွင် အောက်ပါ ခြွင်းချက်ကို၊ ပုဒ်မခွဲ (၁) ၏ တတိယခြွင်းချက်အဖြစ် ထည့်သွင်းရမည်။

> "<u>ပုဒ်မခွဲ (၁)၏ တတိယခြွင်းချက်</u> ။ ။ သို့ရာတွင် ဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃၊ သို့တည်းမဟုတ် အပိုဒ် ၄ တွင် သီးခြားဖော်ပြထားသည့် လယ်ယာမြေကို ကင်းလွတ်ခွင့်ပေးရာ၌၊ သက်ဆိုင်ရာ တောင်သူ လယ်သမား အိမ်ထောင်သားစု၏၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်၏ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေ အတိုင်းအတာနှင့် ၎င်းတို့၏ လုပ်အားအပြင်၊ ၎င်းတို့လုပ်ကိုင်နိုင်သည့် အရည်အချင်းကို အထောက်အထားပြု၍လျက်၊ အဆိုပါဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃၊ သို့တည်းမဟုတ် အပိုဒ် ၄ တွင် သတ်မှတ်ထားသော အတိုင်းအတာ အောက်လျော့၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

---

** မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်၊ စာမျက်နှာ - ၁၆၄၅။*

၄။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၇၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) နောက်တွင် အောက်ပါ ခြွင်းချက်များကို ထည့်သွင်းရမည်။

"ပဌမခြွင်းချက် ။ ။ သို့ရာတွင် တောင်သူလယ်သမားအိမ်ထောင်သားစု တစ်စုသည်၊ လယ်ယာမြေကို ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့် ရထိုက်သော်လည်း၊ မိမိပိုင်ဆိုင်သော လယ်ယာမြေတည်ရှိရာ ဒေသတွင် ဤအက်ဥပဒေအရ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုသေးသောကြောင့်၊ အဆိုပါ အခွင့်အရေးကို ခံစားခွင့်မရနိုင်လျှင်၊ ထိုတောင်သူလယ်သမား အိမ်ထောင်သားစုအား၊ လယ်ယာမြေကို လက်ရှိ လုပ်ကိုင်နေသောဒေသ၌ လယ်ယာမြေ ဝေငှရာဝယ် အပိုဒ် (က) တွင် သတ်မှတ်ထားသော အတိုင်းအတာ အထိ လယ်ယာမြေကိုယာယီအားဖြင့် ဝေငှရ မည်။

ဒုတိယခြွင်းချက်။ ။ သို့ရာတွင် ပဌမခြွင်းချက်အရ အခွင့်အရေးခံစား လျက်ရှိသော တောင်သူလယ်သမားအိမ်ထောင်သားစုသည်၊ မိမိ ပိုင်ဆိုင်သော လယ်ယာမြေကို ပြန်လည်သိမ်းယူခြင်းမှကင်းလွတ်ခွင့် ရရန်လျှောက် ထားနိုင်သည့်အခါ၊ ကင်းလွတ်ခွင့်ရရန် လျှောက်ထား ခြင်းမပြုလိုလျှင်၊ အဆိုပါလယ်ယာမြေကို နိုင်ငံတော်သို့လွှဲပြောင်းပေးရ မည်။ မိမိပိုင်ဆိုင်သော လယ်ယာမြေအတွက်ကင်းလွတ်ခွင့် ရရန် လျှောက်ထားလျှင်၊ ယာယီအားဖြင့် မိမိအားဝေငှထားသော လယ်ယာ မြေကို နိုင်ငံတော်သို့ပြန်လည်လွှဲပြောင်းပေးရမည်။"

◆ ◆ ◆ ◆ ◆